# Bibliographic Data

| | | | | |
|---|---|---|---|---|
| **Author** | ဘရှင် ၊ ဗိုလ်မှူး | BA SHIN , Col. | Ba Rhan‘ , Buil‘ mhu" | **Art.** BS0003 |

**Article Title** မြန်မာတို့ နှင့် ရာဇဝင် ရေးသားမှု
(Myanmar and Historical Writing)
Man‘ma¯ tui' nhan" ra¯ja van‘ re¯ sa¯" mhu

**Title (Book/Serial)** မြဝတီ
Myawaddy

**Issue and Volume** No. 7

**Edition**

**Place/ Publisher**

**Distributor**

**Ed. Date** May. 1957

**Pagination** p. 5 - 10

**Annotation** This article was written under the pen-name San Aung. Many texts of great value to historians were written during the Myanmar monarchies. After independence the Myanmar Historical Commission was formed and assigned the duty of writing Myanmar's history. The author eulogized Sithu U Kaung, the first chairman of the Burma Historical Commission. His death in a plane crash in 1957 was a great loss for Myanmar's scholars and educators.

**Subject Terms**
1. Myanmar - History
2. Myanmar Historical Commission

**Key Words**
1. Burma Historical Commission
2. Historical Writing
3. U Kaung

# မြန်မာတို့နှင့် ရာဇဝင်ရေးသားမှု

## ဆက်တိုက် ဖြစ်ပျက်ချက်များ

ပြည်သူလူထုနှင့် တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း သက်ဆိုင်နေသည့် အဖြစ်အပျက်များ၊ ပြည်သူလူထုအား အကျိုးသက်ရောက်စေသည့် သို့မဟုတ် နစ်မွန်းစေသည့် အဖြစ်အပျက်များနှင့် ဆောင်ရွက်မှုများ၊ ပြည်သူလူထု၏ အတွေးအခေါ် နေထိုင်စားသောက်မှု၊ ယဉ်ကျေးမှုစသည်တို့ကို ပြုပြင် ပြောင်းလဲစေသည့် တီထွင်မှုများမှ စ၍ အရေးကြီးသော အဖြစ်အပျက်တို့ကို ကျွန်ုပ်တို့ မကြာခဏဆိုသလို ကြားသိရ၏။ မြင်ရ၏။ ကိုယ်တွေ့လည်း ကြုံလျက်ရှိကြ၏။ ဤဖြစ်ပျက်ချက်တို့ နိုင်ငံတွင်း သို့မဟုတ်၊ နိုင်ငံပ တို့နှင့် ဆက်သွယ်နေသည်ကိုလည်း သိရ၏။ ဤသည်တို့ကို လက်

ပုဂံစာအုပ်တိုက်

ငင်းအရေးအခင်းများဟု ခေါ်ကြသည်။ အချို့မှာ ယင်းအရေး အခင်းတို့ကို ကောင်းစွာ မှတ်သားကြ၏။ အချို့မှာ ဖွာသိဖွာသာ မေ့မေ့ပျောက်ပျောက် သဘောထားကြသည်။ ယင်းတို့နှင့် သက်ဆိုင်သော ရေးသားထားချက်များနှင့် ရိုက်နှိပ်ထားချက်တို့မှာ ကား တနေရာမဟုတ် တနေရာတွင် ရှိနေကြသည်။

## ကာလနှင့် ကာလအမြင်သမိုင်း

ဤအရေးအခင်းတို့မှာ တခုပြီးတခု ဖြစ်ပျက်လျက် ရှိသည့် အတိုင်း သက်ဆိုင်ရာ နိုင်ငံသူ နိုင်ငံသားတို့၏ ဖြစ်စဉ်များအဖြစ် တည်လာခဲ့သည်ဖြစ်ရာ ကာလကြာမြင့်လာသော် ထိုဖြစ်စဉ်တို့ ပင်လျှင် ထိုလူစု၏ ဖြစ်စဉ်သမိုင်း၊ ထိုလူစုနေရာ နိုင်ငံသမိုင်းဟု ကျွန်ုပ်တို့ခေါ်လာကြမည်ပင် ဖြစ်၏။ရှေးအခါကာလကတည်းက ကျွန်ုပ်တို့နိုင်ငံတွင် ဤကဲ့သို့သော ဖြစ်စဉ်များ ရှိလာခဲ့သည် ဖြစ်ရာ ကာလအလျောက် မိမိတို့အမြင်အတိုင်း မှတ်တမ်းတင်လာ ခဲ့ကြသဖြင့် ကျွန်ုပ်တို့ သိနေသော ရာဇဝင်ကျမ်းများ ပေါ်ထွက် ခဲ့ခြင်းဖြစ်သည်။ ယင်း ရာဇဝင်ကျမ်းတို့မှာ ပြည်သူပြည်သားတို့၏ ဖြစ်စဉ်ထက် အုပ်ချုပ်သည့်လူတန်းစား ဘုရင်ကောရာဇ်တို့နှင့် သူတို့ ၏ အသိုင်းအဝိုင်းတို့၏ အကြောင်းကိုသာ အဓိကထား၍ ရေးခဲ့ သော ကျမ်းများ ဖြစ်သည်။ သို့ဖြစ်၍လည်း ရာဇဝင်ဟု ခေါ် တွင်ခြင်း ဖြစ်ပေသည်။

## ချီးကျူးဖွယ်ရာ မြန်မာတို့၏ ရာဇဝင်ရေးသားမှုများ

မင်းတို့၏ဖြစ်စဉ်များပင်ဖြစ်လင့်ကစား ဤကဲ့သို့ ရာဇဝင်ရေး သားထားရှိရာတွင် ကျွန်ုပ်တို့နိုင်ငံမှာ တရုတ်ပြည်မှအပ အခြား

အိမ်နီးချင်းနိုင်ငံတို့နှင့်စာလျှင် ထိပ်တန်းကလိုက်သော နိုင်ငံဖြစ်သည်ကို သိရ၏။ မြန်မာနိုင်ငံ၏ ရာဇဝင်ကို ဥရောပတိုက်သားတို့အနက် ပြတ်တောင်းပြတ်တောင်းမဟုတ်ပဲ အစဉ်အလိုက် ဆက်တိုက် ရှေးဦးစွာ ရေးသားခဲ့သော အောက်မြန်မာနိုင်ငံ ကော်မီရှင်နာမင်းကြီး ဖြစ်ခဲ့သူ **ဆာအာသာဖယ်ရာ**[၁] ၏ မြန်မာရာဇဝင်စာအုပ် (၁၈၈၃ ခုထုတ်) နိဒါန်းတွင် ထိုအချိန်က ရှိခဲ့ပြီးဖြစ်သော မြန်မာတို့၏ အမျိုးသား ရာဇဝင်မှတ်တမ်းများ၏ ပြည့်စုံပုံကို အမွှန်းတင် ဖော်ပြခဲ့၏။

ဟိန္ဒူဘုရင်တို့အုပ်စိုးသော နိုင်ငံတို့၌ အလားတူ ရာဇဝင်ကျမ်းများကိုမတွေ့ရပုံ၊ ယိုးဒယားနိုင်ငံ၏ ရာဇဝင်မှတ်တမ်းတို့မှာ မြန်မာရာဇဝင်မှတ်တမ်းတို့ကဲ့သို့ ပြည့်စုံခြင်း မရှိပုံနှင့် ဆက်တိုက်မှတ်တမ်းတင်မှုမျိုး မရှိပုံတို့ကို ဖော်ပြထားပေသည်။

## ယုံကြည်ထိုက်သည့် ရေးသားချက်များ

ယင်းနိဒါန်း၌ပင် ဥရောပတိုက်ပညာရှင်ကြီးတို့အနက် မြန်မာရာဇဝင်ကို အများဆုံး လေ့လာခဲ့သူ (၁၈၈၃ အလျင်က) **ပါမောက္ခလပ်စင်**[၂] က "မြန်မာတို့၌ ရှည်လျားလှသော ရာဇဝင်မှတ်တမ်းများ ရှိ၏။ မိမိတို့အတွက်သာမက ရခိုင်၊ ပဲခူး၊ ဇင်းမယ်၊ လဗန်နှင့် အခြား အိမ်နီးချင်းနိုင်ငံတို့၏ ရာဇဝင်များပါ ပါဝင်သည်။ ရေးသားသူတို့သည် မိမိတို့ရာဇဝင်တွင် ဂုဏ်ယူဖွယ်၊ ချီးမွမ်းဖွယ်ကောင်းသော ဖြစ်စဉ်များကိုသာမက ဂုဏ်သိမ်ဖွယ်၊ အပြစ်တင်ဖွယ် ကောင်းသော ဖြစ်စဉ်များကိုပါ ဖော်ပြကြသဖြင့်

၁ Aurther Phayre, Sir ၂ Lassen, Professor

ထိုရာဇဝင်ကျမ်းတို့မှာ အားလုံး ခြုံ၍ကြည့်ပါက မှန်ကန်ပေသည်ဟု ချီးမွမ်းခြင်းကို ခံထိုက်ပေသည်' ဟု ထောမနာပြုထားကြောင်းကိုလည်း ဖော်ပြထားပေသည်။

ဤမှတ်ချက်တို့မှာ မြန်မာနိုင်ငံ ဒုတိယ ဗြိတိသျှနယ်ချဲ့စစ် မဖြစ်မီက ရေးသားချက်များ ဖြစ်၏။ ထိုမှတ်ချက်များကို ပြုခဲ့သူတို့သည် ထိုစဉ်က ရာဇဝင်ကျမ်း ပေမူ၊ ပရပိုက်မူတို့ကို ပြည့်စုံစွာ ရရှိလေ့လာခဲ့သူများ ဖြစ်သည်ကို တွေ့ရ၏။ သူတို့၏ မှတ်ချက်များအတိုင်းဆိုက အာရှတိုက် အရှေ့တောင်ပိုင်းတွင် ကျွန်ုပ်တို့မှာ ကိုယ့်ရာဇဝင်ကို အများဆုံးနှင့် အပြည့်စုံဆုံး ရေးသူများဖြစ်ကြသည်။ ဤကဲ့သို့သော ရာဇဝင်ကျမ်းများ ကျွန်ုပ်တို့နိုင်ငံတွင် မည်သို့ပေါ်ပေါက်ခဲ့ပုံကို လေ့လာသင့်ပေသည်။

## ရှေးက ရာဇဝင်ကျမ်းများ

ယခုခေတ်တွင် စက်တင်ပုံနှိပ်ပြီးဖြစ်သော ရာဇဝင်ကျမ်းတို့အနက် ရှေးအကျဆုံးကျမ်းမှာ မဟာသီလဝံသစီရင်၍ သက္ကရာဇ် ၈၆၄ ခုတွင် ပြီးစီးသော ရာဇဝင်ကျော် ဖြစ်သည်။ ရာဇဝင်ကျော် အလျင်က ပေါ်ပေါက်ခဲ့သော ရာဇဝင်ကျမ်းများ ရှိသေးကြောင်းကိုလည်း ၁၂၈၄ ခုနှစ်က ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ထုတ်ဝေသော ရန်ကုန်မြို့ တိုင်းရင်းသာကောလိပ်ကျောင်း မြန်မာဘာသာဆရာကြီး ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း)စီရင်အပ်သော မှန်နန်းရာဇဝင်တော်သစ် ပထမအုပ်နိဒါန်းမှ ကောက်နုတ် သိရှိရ၏။ ယင်းနိဒါန်းတွင် ဖော်ပြထားသည်မှာ

ရှေးဖျားမဆွ ရှိနှင့်ပြီးဖြစ်ကြသော ရာဇဝင်နှင့်ဆိုင်ရာ နေ့ရာထာမင်းစောတိုင်အောင် ဖော်ပြအပ်သော စူဠဝင်ကျမ်း။

ကျန်စစ်သားမင်း၏ ဘွားရင်းသက္ကရာဇ် စသည်များကို ဖော်ပြသည့် ပုဂံမြို့ဖြစ် စေတီယဝံသ ကထာကျမ်း။

ပုဂံ ဇေယျသိခ် နန်းတောင်းများမင်း၏ ဆရာ ပေါင်းလောင်းရှင်ကဿပ စီရင်သည့် ဗောဓိဝင်ဋီကာ။

ရှင်ဝဇီရ စီရင်သည့် ရာဇဝင်ပါဠိ။

ငှက်ပစ်တောင် ပထမ ရှင်ဂေါဓာဝရ စီရင်သည့် ရာဇဝံသပါဠိ။

မြဟ္မာဏပုဏ္ဏား စီရင်သည့် ပုဂံရာဇဝင်ဟောင်း။

အရှင်ညာဏ သည်းခံကြီး စီရင်သည့် တောင်ငူ ရာဇဝင်။

အရှင်မဟာသီလဝံသ စီရင်၍ သက္ကရာဇ် ၈၆၄ ခုတွင် ပြီးသော ရာဇဝင်ကျော်။

ပြည်မင်းတရား တောင်းပန်၍ မြောက်နန်းကျောင်း ဆရာတော် စီရင်သည့် မြောက်နန်းကျောင်း ရာဇဝင်။

ထို့ပြင် သမိုင်းတော်အကျယ်၊ သက္ကရာဇ်ပုံ အင်းစောက်မှ စ၍ မြန်မာရာဇဝင် အစောင်စောင်ရှိသည်တွင်

ဟူ၍ ရှေးက ရှိခဲ့သော ရာဇဝင်ကျမ်းတို့၏ အမည်များကို ဖော်ပြထားလေသည်။

---

ပုဂံစာအုပ်တိုက်

## ဦးကုလား၏ ရာဇဝင်များ

ယင်း ရှေးဟောင်းရာဇဝင်တို့မှာ အကြောင်း အမျိုးမျိုးတို့ကြောင့် တစောင်နှင့် တစောင် မညီညွတ်ပဲ ကွဲလွဲနေသောကြောင့် ညောင်ရမ်းမင်းဆက် အဝင် တနင်္ဂနွေမင်း လက်ထက် ခရစ်သက္ကရာဇ် ၁၇၁၄-၁၇၃၃ တွင် စဉ့်ကိုင်ရွာနေ ဒေဝသူဌေး ကတော် မဏိသြဇာတို့၏သား ဦးကုလားသည် ရှိပြီးရာဇဝင် အသီးသီးတို့ကို ပေါင်းစည်းပြီးလျှင် မဟာရာဇဝင်ကြီး၊ ရာဇဝင်လတ်နှင့် ရာဇဝင်ချုပ်တို့ကို ပြုစုစီရင်ခဲ့ပြန်သည်။

## တွင်းသင်းဝန်ကြီး၏ ရာဇဝင်

ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ ဘိုးတော်ဘုရား လက်ထက်တွင် တွင်းသင်းဝန်ကြီး မဟာစည်သူသည် နောက်ထပ် ရရှိသော အကြောင်းရပ်များ (ဘိုးတော်ဘုရား လက်ထက်တွင် စုဆောင်းယူလာသော အနယ်နယ်အရပ်ရပ်မှ ကျောက်စာများ၊ ယခု မန္တလေးနန်းတွင်း ကျောက်စာရုံး၌စုစည်းပြီးရှိနေသည်။)နှင့် ညှိနှိုင်း၍ ရာဇဝင်သစ်ကျမ်းကို စီရင်ပြုစုခဲ့ပြန်လေသည်။

## ရာဇဝင်ရေး ပထမအဖွဲ့

ယင်းသည်နောက် ဘကြီးတော်ဘုရားလက်ထက် (ခရစ်သက္ကရာဇ် ၁၈၁၉-၁၈၃၇) သို့ ရောက်သောအခါ

> လောကမာန်အောင်စေတီတော်ဒါယကာ တနင်္ဂနွေမင်းလက်ထက် စဉ့်ကိုင်သဌေးသား ငကုလားရေးသည့်ရာဇဝင်ကြီးဟောင်းသည် ကျမ်းဂန်ပါဠိစာတန်း၊ စာဟောင်း၊ ကျောက်စာရေးတု၊ ရကန်၊ ချေင်း၊ မော်ကွန်း၊

သမိုင်းများနှင့် မညီမညွတ်သည်ကို သက္ကရာဇ် ၁၁၉၁ နယုန်လဆန်း ၁ရက်နေ့ကစ၍ ရဟန်းပညာရှိ၊ လူပညာရှိ၊ ပုဏ္ဏားပညာရှိတို့ကို စည်းဝေးစေပြီးလျှင် ဘဝရှင်မင်းတရားကြီးကိုယ်တော်တိုင် မှန်နန်းတော်ဦး မဓနုဆောင်တော်တွင် ကျမ်းဂန်ပါဠိ အဋ္ဌကထာ အရှိ၊ ကျောက်စာ၊ စာတန်း၊ စာဟောင်း၊ ရတု၊ ရကန်၊ ဧချင်း၊ မော်ကွန်းသမိုင်းများနှင့် ညီညွတ်သုတ်သင်စီရင်တော်မူသည်။ မှန်နန်းဘော် မဟာရာဇဝင်တော် ထုပ်ရေ ငါး၊ တွဲရေ သုံးဆဲ့ရှစ်တွဲများကို စီကုံးရေးသား၍ သုံးနှစ်ကျော် လေးနှစ်လောက်မှစ၍ ပြီးသောဟူ၏။

ဟူ၍ သက္ကရာဇ် ၁၂၂၉ ခု တော်သလင်းလဆန်း ၅ ရက်နေ့ကစ၍ မင်းတုန်းမင်းအမိန့်အရ ပညာရှိများ ဆက်လက်ပြုစုသည့် ဒုတိယ မဟာရာဇဝင်တော် စတုတ္ထတွဲတွင် ဖော်ပြထားသည်ကို တွေ့ရ၏။

ဤသို့ ရာဇဝင်ကျမ်းကို ပြုစုစေရာ၌ ဘကြီးတော်ဘုရားသည် ပညာရှိတို့ ပါဝင်သောအဖွဲ့အစည်းကို ဖွဲ့စည်းပေး၍ တာဝန်ချမှတ်ခဲ့သည်ကို တွေ့ရ၏။ ယခုခေတ် အခေါ် ကား ကော်မီတီဖွဲ့ပေးခြင်း၊ ကော်မီရှင်ဖွဲ့ပေးခြင်းမျိုး ဖြစ်ပေသည်။ ထိုရာဇဝင်ကျမ်းကို ပြုစုသည့်အဖွဲ့တွင် (၁) မုံရွေးဆရာတော်၊ (၂) သော်ကပင်ဆရာတော်၊ (၃) ချည်ပါတောင်ရွာ မြောက်ရာစား မင်းတိုင်အမတ်ကြီး မဟာဓမ္မသင်္ကြန်၊ (၄) မြင်းစုဝန်ကြီး ဦးရောက်၊ (၅) သံတော်ဆင့် ဦးချိန်၊ (၆) စာရေးတော်ကြီးဦးဖျော်၊ (၇) ဘိသိက်တော်ဆက် ပုဏ္ဏား ဇယဒေဝ၊ (၈) ဘိသိက်တော်ဆက်

ပဏ္ဍား ကုမ္မြေ၊ (၉) မြဲတိုက်သံဆင့် မောင်ရွှေ၊ (၁၀) စာရေး မောင်လှုကြီး၊ (၁၁) စာရေး မောင်အောင်သာ၊ (၁၂) အတွင်း ဝန် ဆောမြို့စား မင်းကြီး သိရိမဟာနန္ဒသင်ကြန်၊ (၁၃) စဥ့်ကူး မြို့စား အတွင်းဝန်ဟု ဆိုအပ်သော ရဟန်းပညာရှိ၊ မှူးမတ်ပညာ ရှိ၊ ပဏ္ဍားပညာရှိတို့ ပါဝင်ကြောင်း။ မှန်နန်းရာဇဝင်တော်သစ် နိဒါန်း မော်ကွန်းတွင် ဆရာလွန်းက ဖော်ပြထားသည်ကို တွေ့ရ ၏။ ဤရာဇဝင်ရေးအဖွဲ့ကို လွယ်ကူစွာ နားလည်စေရန် ရာဇဝင် ရေး ပထမအဖွဲ့ဟု မှတ်သားထားလိုပါသည်။

ဤပညာရှင်အဖွဲ့ရေးသားသော ရာဇဝင်ကျမ်းတွင် အလောင်း မင်းတရားကြီး နန်းတက်သည်အထိ ဖြစ်သော အပိုင်းကို မဟာ ရာဇဝင်တော်ကြီးဟု ခေါ်၍ ကုန်းဘောင်ခေတ် အပိုင်းကို ဒုတိယ မဟာရာဇဝင်တော်ကြီး သို့မဟုတ် ကုန်းဘောင်ဆက် မဟာဇဝင်တော်ကြီးဟု အမည်ပညတ်ကြောင်း တွေ့ရပေသည်။ ထို ပထမအဖွဲ့ပြုစုသော ရာဇဝင်ကျမ်းမှာ ဘိုးတော်ဘုရားနတ်ရွာ စံပြီးနောက် ၂ နှစ် (၁၁၈၃ ခု၊ ခရစ်သက္ကရာဇ် ၁၈၂၁)ထိ ရောက်ခဲ့သည်။

## ရာဇဝင်ရေး ဒုတိယအဖွဲ့

ကျန်ရှိသောအပိုင်းကို ဆက်လက်ရေးသားခြင်းကိုကား မင်း တုန်းမင်းတရားလက်ထက် ၁၂၂၉ ခု (ခရစ်သက္ကရာဇ် ၁၈၆၇) ရောက်မှ ပြုလုပ်နိုင်သည်။ မင်းတုန်းမင်းတရားအမိန့်နှင့် ဖွဲ့စည်း ၍ ဆက်လက်ရေးသားမှုကို ယင်းနှစ် တော်သလင်းလဆန်း ၅ ရက်နေ့တွင် စတင်ကြသည်။ ဤအဖွဲ့ကို ရာဇဝင်ရေး ဒုတိယအဖွဲ့

ဟုခေါ်လိုသည်။ ဤဒုတိယအဖွဲ့တွင် ပါဝင်သော ပညာရှိ လူပုဂ္ဂိုလ်တို့မှာ (၁) ကနီအတွင်းဝန် မင်းကြီး မဟာမင်းခေါင် သင်္ခယာ၊ (၂) အရှင် နန်းမတော်ဘုရားဝန် မိုင်းခိုင်မြို့စား၊ (၃) ပိဋကတ်တော်အုပ် မဟာသိရိဇေယသူ၊ (၄) အိမ်ရှေ့ အတွင်းဝန် မဟာမင်းလှ သင်္ခယာ၊ (၅) စာရေးကြီး မင်းလှဇေယသူ၊ (၆) စာရေးတော်ခေါင်း နေမျိုးစည်သူရာဇာတို့ ပါဝင်ကြီးကြပ်ကြောင်း သိရ၏။ မှန်နန်းတော်ရှေ့ ဇေတဝန်ဆောင်တွင် ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ မှူးမတ်ပညာရှိနှင့် ညှိနှိုင်း တိုင်ပင်ပြီးလျှင် အသင့်ယုတ္တိရှိရာ ကျောက်စာ၊ စာတန်း၊ စာဟောင်း၊ မော်ကွန်း၊ အမိန့်တော်၊ နေ့စဉ် မှတ်တမ်းတို့နှင့်အညီ ဆက်လက်ရေးသားခြင်း ပြုခဲ့၏။

## ပုဂံဝန်ထောက် ဦးတင်

ဤဒုတိယအဖွဲ့၏ ရေးသားချက်တို့မှာလည်း သက္ကရာဇ် ၁၂၁၆ ခု (ခရစ်သက္ကရာဇ် ၁၈၅၄ ခု) အထိတွင်သာ ပြီးဆုံးခဲ့ရကား ၁၂၄၇ ခုနှစ် (ခရစ်သက္ကရာဇ် ၁၈၈၅ နှစ်)ထိဖြစ်သော နောက်ပိုင်းကို ပုဂံဝန်ထောက်ဦးတင်က ဆက်လက် စီရင်ရေးသားခဲ့ပေသည်။

ဤသည်တို့ကား ပညာရှိ တဦးချင်းအနေဖြင့်ရင်း၊ ဘုရင်က ခန့်အပ်သော ပညာရှိအဖွဲ့အစည်းအနေနှင့်ရင်း၊ ကျွန်ုပ်တို့နိုင်ငံ၏ ရာဇဝင်ကို ရှေးက ရေးသားလာခဲ့ကြပုံအကြောင်း အမြွက်မျှဖော်ပြခြင်း ဖြစ်လေသည်။ တိမ်မြုပ်နေသေးသော ကျွန်ုပ်တို့ မသိသေးသော ရာဇဝင်ကျမ်းများ ရှိနေဦးမည်မှာ ယုံမှားဖွယ်

မရှိပေ။ ဤကဲ့သို့ ရာဇဝင်ကျမ်းကို စိတ်ဝင်စားစွာ ရေးသား လာခဲ့ကြ၍လည်း ပေမူ၊ ပရပိုက်မှုများ ရှိနေသည်ကို လေ့လာ ခွင့်ရခဲ့သော ရှေးဗြိတိသျှပညာရှင်တို့က ရာဇဝင်အရေးအသား နှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့နိုင်ငံအား ချီးမွမ်းထားခြင်း ဖြစ်ပေ သည်။

### အမျိုးမျိုးပြောင်းလဲလာသော ခေတ်များ

သက်ဦးဆံပိုင်ဘုရင် ကေရာဇ်တို့ ကြီးစိုးခဲ့ရာမှ ကျွန်ုပ်တို့သည် ဗြိတိသျှ၏ အရင်းရှင်နယ်ချဲ့စံနစ်တွင်းသို့ ကျဆင်းခဲ့၏။ ထို့နောက် ဖက်ဆစ်ဂျပန်တို့ ကြီးစိုးခဲ့ပြန်၍ ယခုအခါ၌ အချုပ်အခြာ အာဏာပိုင်သည့် ပြည်သူ့သမ္မတနိုင်ငံအဖြစ်သို့ ရောက်ခဲ့ပြီ။ ခေတ် သည် အမျိုးမျိုး ပြောင်းလဲလာပြီး ဖြစ်၏။ ရှေးက ရေးခဲ့သော ရာဇဝင်ကျမ်းတို့တွင် ရှေးအခြေအနေအရ ပေါ်ထင်လိုသည့် အချက်တို့ကိုသာ အဓိကထား၍ ထုတ်ဖော်ရေးသားခဲ့ကြသည်။ ရှေးအမြင်၊ ပဒေသရာဇ်ခေတ်၏ အမြင်တို့ဖြင့်သာ ရေးသားခဲ့ခြင်း ဖြစ်သည်ဟု ဆိုရချိမ့်မည်။ အလားတူပင် အရင်းရှင်နယ်ချဲ့တို့ ကြီးစိုးစဉ်ခေတ်က ပေါ်ပေါက်ခဲ့သော ရာဇဝင်တို့မှာလည်း ထို ခေတ်၏ လွှမ်းမိုးမှုအရှိန်အဝါများ ပါနေမည်သာဖြစ်သည်။

ခေတ်နှင့်ယဉ်ကျေးမှု ပြောင်းလဲလာသည်နှင့်အမျှ ရာဇဝင်၏ အယူအဆတို့မှာလည်း ပြောင်းလဲခဲ့လေသည်။ ရှေးက ဘုရင် ကြီးစိုး၍ သူတို့၏အကြောင်းကို မှတ်တမ်းရေးရသောကြောင့် ရာဇဝံသဟု အမည်ပေးခဲ့ရာ ယခုခေတ်၌မူကား ဘုရင်များ အုပ်စိုးသူ များအကြောင်းထက် နိုင်ငံတွင်းနေ လူစု၏အကြောင်းကို အဓိက ထား၍ ရေးသားဖော်ထုတ်ရန် လိုလားကြမည်မှာ အမှန်ပင်ဖြစ်

သည်။ သို့ဖြစ်၍လည်း ရာဇဝင်ဟူသော ဝေါဟာရအစား နိုင်ငံသမိုင်း လူ့သမိုင်းစသည်ဖြင့် လွဲပြောင်းခေါ်လာရခြင်း ဖြစ်၏။

## သစ္စာရှိစွာ အမှန်အတိုင်း ရေးသားပါမှ

မည်သို့ ခေတ်ပင်ပြောင်းစေကာမူ ရာဇဝင်၏ တကယ့်အဖြစ်အပျက်တို့ကိုကား ပြောင်း၍ မဖြစ်နိုင်။ အမှန်အတိုင်းသာ သစ္စာရှိစွာနှင့် ဖော်ထုတ်ရမည်သာ ဖြစ်သည်ဟု နားလည်ပါသည်။ ခေတ်ကိုလိုက်သည်ဆိုရာ၌ ခေတ်အလျောက် ပေါ်ထင်စေလိုသည့် အကြောင်းမျိုးကို ပိုမို စေ့စပ် ပြည့်စုံစွာ ဖော်ပြရေးသားခြင်းမျိုးကိုသာ ဆိုလိုခြင်းဖြစ်၏။ အစစ်အမှန်ဖြစ်ခဲ့သော အကြောင်းတို့ကို ပြောင်းလဲခြင်း၊ ချွတ်ယွင်းခြင်း၊ ထိန်ချန်ခြင်းမျိုးပြု၍ ရေးသားသော ကျမ်းမျိုးမှာ နိုင်ငံသမိုင်း ကျမ်းစာရင်းတွင် မပါသင့်ပေ။ ယင်းကျမ်းမျိုးကို ဝါဒဖြန့်စာအဖြစ်သာ သဘောထားရပေမည်။

## တတိယအဖွဲ့

လွတ်လပ်သော ပြည်ထောင်စုခေတ်သို့ ရောက်သောအခါ၌ ခေတ်အလိုက်အမှန်ကန်ဆုံးနှင့် အပြည့်စုံဆုံးဖြစ်သောပြည်ထောင်စု နိုင်ငံသမိုင်းကို ကျယ်ပြန့်ပြည့်စုံစွာ ရေးသားရန် လိုလားအပ်သည်နှင့်အမျှ မြန်မာနိုင်ငံတော် အစိုးရသည် ၁၉၅၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့စွဲပါ စာအမှတ် ၆၆/ခပ/၅၄ အရ ကွယ်လွန်သူ ပညာမင်းကြီး စည်သူဦးကောင်း(မဟာဝိဇ္ဇာ) ဥက္ကဋ္ဌပြုသော မြန်မာနိုင်ငံသမိုင်း ကော်မီရှင်ကို ဖွဲ့စည်းခန့်အပ်ခဲ့ပေသည်။ ဤကော်မီရှင်အဖွဲ့ကို တတိယအဖွဲ့ဟု ခေါ်ဆိုနိုင်ပေမည်။ ဤကော်

မီရှင် အဖွဲ့တွင် ပါဝင်သူတို့မှာ တက္ကသိုလ်ကျောင်းအုပ်ကြီး စည်သူ ဒေါက်တာ ထင်အောင်၊ ဝန်ကြီးချုပ်၏ အတွင်းဝန် စည်သူ ဦးသန့်၊ ဆရာအတတ်သင် ညွှန်ကြားရေးဝန် စည်သူ ဦးဘ၊ ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန် သီရိပျံချီ ဦးယော၊ ကျောင်းသုံးစာအုပ် ထုတ်လုပ်ရေးဆိုင်ရာ ညွှန်ကြားရေးဝန် ဝဏ္ဏကျော်ထင် ဦးသိန်းဟန်၊ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာပေဌာန ပါမောက္ခ ဝဏ္ဏကျော်ထင် ဦးမျိုးမင်း၊ နိုင်ငံသမိုင်းဌာန ပါမောက္ခ ဦးဘသန်း၊ အရှေ့တိုင်းနှင့် မြန်မာနိုင်ငံသမိုင်းဌာန ပါမောက္ခ ဒေါက်တာကျော်သက်၊ ဇေယျကျော်ထင် ဒုဗိုလ်မှူးကြီးဘရှင်တို့ ပါဝင်ကြလေသည်။

## အထောက်အထားများ စုဆောင်းခြင်း

ကော်မီရှင် ဖွဲ့စည်းလာခဲ့သည်မှာ ယခုအခါတွင် ၂ နှစ်နှင့် ၃ လ ကြာညောင်းခဲ့ပြီဖြစ်၏။ ရနိုင်သောအချိန်အတွင်း ကော်မီရှင်အဖွဲ့သည် အထောက်အထားဟူဟူသမျှကို ကျားခုပ် ကျားယက် နည်းအမျိုးမျိုးအဖုံဖုံနှင့် ရှာဖွေစုဆောင်းခြင်း၊ ရရှိပြီး အထောက်အထားနှင့် နိုင်ငံသမိုင်းဝင် အချက်အလက်များကို စနစ်တကျ စုဆောင်းခြင်းများကို အောင်မြင်တိုးတက်စွာ ပြုလုပ်လျက်ရှိသည်ဟု သိရပေသည်။ ကော်မီရှင်၏ ဆောင်ရွက်ရန် တာဝန်မှာ ရှိပြီး ရာဇဝင်၏အဆက်ကို ဆက်လက်ရေးသားရန်မဟုတ်ပဲ လူတို့ အသိဉာဏ်မီသည့်လောကမှ ယနေ့တိုင်ဖြစ်သော ကျွန်ုပ်တို့နိုင်ငံ၏ သမိုင်းအစစ်အမှန်ကို ရေးသားပေးရန် ဖြစ်လေသည်။

---

## ပုဂံစာအုပ်တိုက်

တာဝန်မှာ ကျယ်ပြန့်လှရကား လုပ်ငန်းများ စေ့စပ်သေချာစွာ ပြီးမြောက်နိုင်ရေးအတွက် ဆပ်ကော်မီရှင်ခေါ် ကော်မီရှင်ခွဲများကို ဖွဲ့စည်းပြီးလျှင် အပြင်ပမှ ပညာရှင်တို့ကို မေတ္တာရပ်ခံ၍ ကော်မီရှင်ခွဲများတွင် ပူးပေါင်းဆောင်ရွက်မှုကိုရယူလျက်ရှိပေသည်။

## လုပ်ငန်း၏ အပိုင်းအခြားများ

ထိုကော်မီရှင်ခွဲ(ဆပ်ကော်မီရှင်)များကို သမိုင်းခေတ်ကိုလိုက်၍ ခွဲခြားထားရာ အစောဆုံးကာလမှ ခရစ်သက္ကရာဇ် ၁၃၀၁ ခုထိ (ကျောက်ခေတ်မှသည် ပုဂံခေတ် ကုန်သည်ထိ) ကာလကို ဆပ်ကော်မီရှင် က-အတွက်၎င်း၊ ခရစ်သက္ကရာဇ် ၁၃၀၁ ခုမှသည် ၁၇၅၂ ခု (ကုန်းဘောင်ခေတ် စသည်ထိ)ကာလကို ဆပ်ကော်မီရှင် ခ-အတွက်၎င်း၊ ခရစ်သက္ကရာဇ် ၁၇၅၂ ခုမှသည် မြန်မာနိုင်ငံ ဗြိတိသျှ ပထမ နယ်ချဲ့စစ်အထိဖြစ်သော ခရစ်သက္ကရာဇ် ၁၈၂၄ ခုထိ ကာလကို ဆပ်ကော်မီရှင် ဂ-အတွက်၎င်း၊ ဗြိတိသျှတို့ကြီးစိုးသော ခေတ်ကို ဆပ်ကော်မီရှင် ဃ-အတွက်၎င်း၊ ယခုမျက်မှောက်ခေတ်ကို ဆပ်ကော်မီရှင် င-အတွက်၎င်း အသီးသီးခွဲခြား သတ်မှတ်ပေးထား၏။ ဆပ်ကော်မီရှင် က-ကို အရှေ့တိုင်းနှင့် မြန်မာနိုင်ငံသမိုင်း အထူးပါမောက္ခ ဆရာကြီး ဂျီအိပ်ချ်လုစ် (မဟာဝိဇ္ဇာ)က၎င်း၊ဆပ်ကော်မီရှင်ခ-ကို ဇေယျကျော်ထင် ဒုဗိုလ်မှူးကြီး ဘရှင် (ဝိဇ္ဇာ၊ ဂုဏ်ထူး)က၎င်း၊ ဆပ်ကော်မီရှင် ဂ-ကို အရှေ့တိုင်းနှင့် မြန်မာနိုင်ငံ သမိုင်းဌာန ပါမောက္ခ ဒေါက်တာ

Luce, G.H.

ကျော်သက်ကရင်း၊ ဆပ်ကော်မီရှင် ဃ-ကို နိုင်ငံ သမိုင်းဌာန ပါမောက္ခ ဦးဘညွန့် (မဟာဝိဇ္ဇာ) ကရင်း၊ ဆပ်ကော်မီရှင် င-ကို အင်္ဂလိပ်စာပေဌာန ပါမောက္ခ ဝဏ္ဏကျော်ထင် ဦးမျိုးမင်းကရင်း အသီးသီး နီးရာ အထောက်အထား စုဆောင်းမှုနှင့် သုတေသန ပြုမှုတို့ကို ဆောင်ရွက်လျက် ရှိကြပေသည်။ ဆပ်ကော်မီရှင် င-က အထောက်အထားများ ထိန်းသိမ်းရေး အဖြစ် မော်ကွန်း ထိန်း တာဝန်ကိုပါ ယူရ၏။

ဆပ်ကော်မီရှင် အသီးသီးတို့တွင် ကော်မီရှင်အပမှ ပါဝင် ကူညီ ဆောင်ရွက်ပေးနေသော ပညာရှင်တို့မှာ ဦးဖေမောင်တင် (တက္ကသိုလ် ကျောင်းအုပ်ဟောင်း)၊ ဝဏ္ဏကျော်ထင် ဆရာဦးဝန် (တက္ကသိုလ် ဘာသာပြန် ဌာနမှူး)၊ သီရိပျံချီ ဦးလှဖေဝင်း (ကျောက်စာဝန်)၊ ဒေါက်တာ ဒေါ်သင်းကြည် (ပထဝီဌာန ပါမောက္ခ)၊ ဝဏ္ဏကျော်ထင် ဦးအေးမောင် (မြန်မာစာပေဌာန ပါမောက္ခ)၊ နိုင်ပန်းလှ (မှန်ယဉ်ကျေးမှု အထက်တန်းအရာရှိ)၊ ဝဏ္ဏကျော်ထင် ဦးဘဖေ၊ ဦးဘ (သင်္ချာကထိက)၊ ဒေါက်တာ သန်းထွန်း၊ ဒေါ်ခင်ခင်ကြီး၊ ဒေါက်တာအုန်းခိုင်၊ ဒေါက်တာ ဒေါ်သောင်း၊ ဦးတင်အုန်း စသော တက္ကသိုလ် နိုင်ငံသမိုင်းဌာန များမှ ဆရာများလည်း ပါဝင်ကြလေသည်။

## အားကိုးနိုင်သော ဗိဋကတ် မော်ကွန်းတိုက်

နိုင်ငံသမိုင်း ကော်မီရှင်သည် မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ရှေး အကျဆုံးကာလမှ ယခုတိုင် ရေးထိုး ရေးသား ထုတ်ဝေလျက်ရှိ သည့် ရနိုင်သမျှသော ကျောက်စာ၊ စာအုပ်စာတန်း၊ မှတ်တမ်း၊

ခေါင်ပုံ၊ ပန်းချီကားစသည်တို့ကို စုဆောင်း၍ ပိဋကတ်တိုက်နှင့် မော်ကွန်းတိုက် တခုကို ပြုစုလျက်ရှိရာ သုတေသန လုပ်ငန်းအတွက် ကောင်းစွာအားကိုးနိုင်သည့် ပိဋကတ်တိုက်နှင့် မော်ကွန်းတိုက်တခုကို စတင် မိခဲ့ပေပြီ။ နိုင်ငံတွင်း၌ရှင်း၊ နိုင်ငံပ၌ရှင်း အထောက်အထားများ စုဆောင်းရန် ဆောင်ရွက်ပုံတို့မှာလည်း များစွာ စိတ်ဝင်စားဖွယ် ကောင်းလှတော့သည်။ ခက်ခဲစွာ စွန့်စား ရှာဖွေရမှုတို့လည်း များလှ၏။ ထူးခြားလှသော သုတေသန ပြုလုပ်နည်း စနစ်တို့မှာလည်း သုတေသီ ပညာရှင်တို့အတွက် များစွာ အဖိုးတန်လှမည်ဟု ယုံကြည်မိသည်။ ရေးသားမည့် နိုင်ငံသမိုင်းမှာလည်း နိုင်ငံခြား ပညာရှင်တို့ပင် ယုံကြည်ကိုးစားစွာ အထောက်အထား ပြုရမည့် ကျမ်းကြီးတဆူ အဆင့်အတန်းကို ရောက်စေရန်အတွက် ဆိုင်ရာ ဆပ်ကော်မီရှင်တို့ ရည်မှန်းကြိုးစားလျက် ရှိကြသည်ကို သိရှိရပေသည်။

ဤကဲ့သို့သော နိုင်ငံသမိုင်း ကျမ်းကြီးတဆူ ပေါ်ထွက်ရေးအတွက် သမိုင်းကော်မီရှင်သည် ခိုင်ခံ့၍ ကမ္ဘာ့အဆင့်အတန်းမီသောအခြေကို ချမိနေပြီဟု လုပ်ငန်းဆောင်တာများကိုထောက်ထား၍ သိရှိရပေသည်။ ဤသို့ အခြေကောင်း ချမိရန်နှင့် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းတို့တွင် အရှိန်ကောင်းရရှိရန် ကော်မီရှင်ဝင်တို့ ကြိုးစားမှု ရှိသည်နှင့်အမျှ ထိုကြိုးစားမှုများ ဖြောင့်ဖြူးလွယ်ကူစေရန် အနည်းနည်း အဖုံဖုံ နည်းလမ်း ရှာဖွေပေးမှု၊ တိုက်တွန်းမှု၊ အကူအညီပေးမှု၊ ဖွဲ့စည်း ဆက်စပ်ပေးမှု၊ စီစဉ်ပေးမှုတို့ကို ဥက္ကဋ္ဌ စည်သူ ဦးကောင်းသည် အသေးအဖွဲ့နှင့် အကြီးအကျယ် အခက်အခဲတို့ကို ကျော်လွှန်နိုင်အောင် မနားမနေ ကြိုး

စားဆောင်ရွက်ခဲ့သည်ကိုကား ဖော်ပြရမည် ဖြစ်ပေသည်။ မည်သည့်ပုဂ္ဂိုလ်မျိုးနှင့်မဆို လုပ်ငန်း ဖြစ်မြောက်ရေးအတွက် အောင်မြင်စွာ ဆက်ဆံနိုင်သည့် အမြဲချိုသာသော စိတ်ဓာတ် မျက်နှာထားနှင့် လိုက်လိုက်လျောလျော ဖန်တီးတတ်သည့် ဦးကောင်း၏ ပင်ကိုယ်အရည်အချင်းတို့မှာ ကော်မီရှင်လုပ်ငန်း အောင်မြင်မှုတို့အတွက် အဖိုးတန်လှသော သော့ချက်များပင် ဖြစ်တော့သည်။

ကော်မီရှင်၏ လုပ်ငန်းများမှာ ထွေပြားလှပါသည်။ လုပ်ငန်းတိုင်းပင်လျှင် အသစ်အဆန်းကဲ့သို့ဖြစ်၍ နိုင်ငံသမိုင်း ဝါသနာပါသူတိုင်းအတွက် စိတ်ဝင်စားဖွယ် ဖြစ်မည်ကို နီးကပ်စွာ လေ့လာခွင့်ရသူ တယောက်အနေဖြင့် ကောင်းစွာ သိရှိရပါသည်။

## လှေလှော်ကောင်းဆဲ တက်ကျိုး

သမိုင်းကော်မီရှင်၏ လုပ်ငန်းများမှာ ဖြူးဖြောင့် ချောမွေ့လျက် ရှိသည်ဟု ယုံကြည်ပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်၏ လက်အောက်တွင် တိုက်ရိုက်ရှိနေသော ဌာနတခုအနေနှင့် အခက်အခဲကြီးများဟူ၍မတွေ့ရသလောက်ပင်ရှိနေမည်ဟု ထင်ပါသည်။ သမိုင်းကော်မီရှင်၏ လုပ်ငန်းစဉ်ခရီးလမ်းတွင် လှိုင်းကြီး မုန်တိုင်းကြီးမျိုးနှင့် ရင်ဆိုင်ရသည်မရှိဟု သိရပါသည်။ ဤသို့ ဖြူးဖြောင့်သော ခရီးလမ်းတွင် ဦးကောင်းသည် ပဲ့ကိုင်၍ ကော်မီရှင်သည် တတ်နိုင်သမျှ တက်သုတ်နှင်လျက်ရှိသည်ဟု ဆိုချင်ပါသည်။ ဤကဲ့သို့ လှေလှော်ကောင်းနေဆဲ တက်ကျိုးဘိသကဲ့သို့ ကော်မီရှင်၏ ဥက္ကဋ္ဌ စည်သူ ဦးကောင်းသည် အတည်မမဲ့သောတရားကို မလွန်ဆန်နိုင်ပဲ ၁၉၅၇ ခု ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ကွယ်လွန်သွားပါ

ခဲ့ရချေပြီ။ သမိုင်းကော်မီရှင် လုပ်ငန်းတွင် စိတ်ပါဝင်စားသူတိုင်း ဝမ်းနည်းကြေကွဲစွာဖြင့် စိတ်တအား ယုတ်ကြမည်သာဖြစ်၏။

ဦးကောင်း၏ ထက်မြက်သော စေတနာ၊ မှန်မြတ်သော စိတ်ထား၊ ရက်ရောသော ကူညီမှု၊ ခင်မင်ဖွယ်ကောင်းသော ဖော်ရွေမှုတို့ကို ဦးကောင်းနှင့် ဆက်ဆံဖူးသူတိုင်း မေ့နိုင်ကြမည်မဟုတ်ပေ။ နိုင်ငံ၏ အစဉ်အလာကောင်းတရပ်ဖြစ်သော နိုင်ငံသမိုင်းရေးသားမှုတာဝန်ကို ထမ်းရွက်ရသည့် ဤတတိယ ရာဇဝင်ရေးအဖွဲ့၏ တာဝန်ကို ဆုံးခန်းတိုင်အောင် အားကြိုးမာန်တက်ဆက်လက် ဆောင်ရွက်သွားကြရာတွင် ကော်မီရှင်ဝင်များနှင့် သက်ဆိုင်သူတို့သည် ဦးကောင်းအား အစဉ် သတိရနေကြမည်သာတည်း။

ဤဆောင်းပါးဖြင့် ကွယ်လွန်သူဦးကောင်းအား လေးစားစွာ ဂုဏ်ပြုပါ၏။

---

မြဝတီ။ ။မေလ၊ ၁၉၅၇

---

**ပုဂံစာအုပ်တိုက်**